**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်၊ ၅/ ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ **၁-၁၀-၂၀၂၂** ရက်နေ့ နောက်ဆုံးထားပြီး လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားနိုင်ပါသည်-

| **ရာထူး** | **လစ်လပ်** | **ပညာအရည်အချင်း** |
| --- | --- | --- |
| ဌာနစုမှူး(၂)/<br>တတိယအတွင်းဝန်<br>**(အမျိုးသား)**<br>**(အမျိုးသမီး)** | ၇ နေရာ<br>၈ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ **[ဝိဇ္ဇာဘွဲ့များ/သိပ္ပံဘွဲ့များ/ဥပဒေဘွဲ့/နိုင်ငံခြားဘာသာဘွဲ့များ/ စီးပွားရေးဘွဲ့များ/ပညာရေးဘွဲ့/ကွန်ပျူတာဘွဲ့တို့မှအပ ကျန်ဘွဲ့များ လက်မခံပါ။]** |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) **၁-၁၀-၂၀၂၂ ရက်နေ့တွင်** ပြင်ပပုဂ္ဂိုလ်အသက် ၂၅ နှစ် (မဟာဘွဲ့/ ပါရဂူဘွဲ့ ရရှိပြီးသူများနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက် ၃၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက (ရိုးရိုးဘွဲ့ရရှိပြီးသူ အသက် ၃၅ နှစ်၊ မဟာဘွဲ့/ ပါရဂူဘွဲ့ ရရှိပြီးသူ အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အင်္ဂလိပ်ဘာသာနှင့် နိုင်ငံခြားဘာသာစကားတစ်ခုခု ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ပါက ထိုသို့ကျွမ်းကျင်မှုအတွက် ရရှိသောဘွဲ့ (သို့မဟုတ်) ဒီပလိုမာလက်မှတ် မိတ္တူကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာတင်သွင်းလိုသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် မိမိတို့နှင့်သက်ဆိုင်သော အချက်အလက်များကို ဖြည့်သွင်းကာ အချိန်မီ လျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website – www.ucsb. gov.mm နှင့် Myanmar National Web Portal – www.myanmar.gov.mm တို့တွင်လည်း** ဖော်ပြပေးထားပြီး **လျှောက်လွှာတွင်** ဖော်ပြရမည့် အချက်များ၊ ပူးတွဲပေးပို့ရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ လက်ရှိနိုင်ငံ့ဝန်ထမ်းများသည် ကြိုတင်လျှောက်လွှာကို ဓာတ်ပုံအပို(၃)ပုံနှင့်အတူ မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုစာကို လျှောက်လွှာပိတ်ပြီး ရက်သတ္တ(၂)ပတ် (၁၄ ရက်)အတွင်း နောက်ဆုံးထား၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ရက်အတွင်းပေးပို့နိုင်ခြင်းမရှိပါက ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် လျှောက်လွှာပေးပို့စဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်(မူရင်း)နှင့်ဘွဲ့လက်မှတ်၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲပါရှိရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူများ မပါရှိသည့် လျှောက်လွှာများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းထားသည့် လျှောက်လွှာများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာတောင်းခံထားခြင်းမရှိသည့် လျှောက်လွှာများ၊ လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ တင်ပြထားသော်လည်း လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ ရောက်ရှိလာသည့် လျှောက်လွှာများကို လက်ခံစိစစ်ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၇။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅)ခုဖြင့် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည့်အတွက် စာစစ်ဌာန(၅)ခုအနက်**

**မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၈။ **ရေးဖြေစာမေးပွဲစစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ရရှိသူများသည်** သက်ဆိုင်ရာစာစစ်ဌာန အလိုက် ဖြေဆိုရမည့်ကျောင်း၊ စာဖြေခန်းတို့ကို **ခုံအမှတ်စာရင်းနှင့်အတူ ယှဉ်တွဲဖော်ပြကာ ၁၁-၁၁-၂၀၂၂ ရက်နေ့မှစတင်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Myanmar National Web Portal တို့တွင်ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၅-၁၁-၂၀၂၂ နှင့် ၂၆-၁၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၉။ **ရေးဖြေစာမေးပွဲကို ၂၇-၁၁- ၂၀၂၂ ရက်(စနေနေ့)တွင် ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီအထိ မြန်မာစာနှင့် ၁၃ : ၀၀ နာရီ မှ ၁၆ : ၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ ၂၈-၁၁-၂၀၂၂ ရက် (တနင်္ဂနွေနေ့)တွင် ၀၉:၀၀ နာရီ မှ ၁၁:၀၀ နာရီအထိ သုတရေးရာ ဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။**

၁၀။ ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့် အချိန်တို့ကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website နှင့် Myanmar National Web Portal တို့တွင်** ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၁။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၄၂၀၇၀၆၆၀၆၊ ၀၉ -၇၉၇၇၂၇၆၉၆၊ ၀၉ -၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။